

# လက်ရှိဘဝ၌ ချမ်းသာလိုပါလျှင်

မျိုးမြင့်မိုး (မန္တလေး)

(၁)

ပြီးခဲ့သော သကြံန်ရက်များအတွင်းဝယ် ကျွန်ုပ်သည် သားနှစ်ယောက်နှင့်အတူ ရန်ကင်းတောင်ခြေရှိ ''ရေငုံပရိယတ္တိ''စာသင်တိုက်ကြီးတွင် ရဟန်းဝတ်ခဲ့လေ၏။ ကျွန်ုပ်အတွက် လေး ကြိမ်မြောက် ရဟန်းဘဝသို့ ရောက်ရှိခဲ့ ခြင်းပါတည်း။

ကျွန်ုပ်တို့အား ရဟန်းခံကုသိုလ် ရယူနိုင်ရန် ကျွန်ုပ်၏ဇနီးဖြစ်သူက ဒါတဗ္ဗဝတ္ထုအစုစုတို့ကို လှူဒါန်းခဲ့ပါသည်။ ကျောင်းတိုက်ကြီးအတွင်းရှိ သံဃာတော် အရှင်မြတ်များအား ဆွမ်းခဲဘွယ်ဘောဇဉ် တို့ကိုလည်း ပေးအပ်လှူခဲ့လေသည်။ ကျွန်ုပ်သည် မန္တလေးသားဖြစ်ခဲ့သော်လည်း ယခင် ရဟန်းဝတ်ခဲ့စဉ်များက ရန်ကုန်၌သာ ဝတ်ဖြစ်ခဲ့သည်။ ပထမဆုံး အကြိမ်မှာ ၁၉၉၂ ခုနှစ်၊ သဃ်န်းကျွန်း နှင်းဆီကုန်းရှိ ဇေယျာသုခကျောင်းတိုက် ကြီးတွင် ဖြစ်သည်။

ဒုတိယအကြိမ်မှာ ၂၀၀၀ ပြည့်နှစ်၊ တောင်ဒဂုံ၊ ဥက္ကဋ္ဌာရာမကျောင်းတိုက်ကြီးတွင်ဖြစ်၏။ ရဟန်းဘဝဖြင့် ငါးလကြာမြင့်ခဲ့လေသည်။

တတိယအကြိမ်မှာ ၂၀၀၁ ခုနှစ်၊ ရွှေပြည်သာ၊ သဲအင်းဂူရိပ်သာတွင် ဖြစ်သည်။ ယခု စတုတ္ထအကြိမ်တွင်မူ ကျွန်ုပ်၏ဇာတိမြေ မန္တလေး၊ ရန်ကင်းတောင်ခြေတွင် ဖြစ်လေတော့သည်။

မနုဿတ္တ လာဘော ဒုလ္လဘော။
ပဗ္ဗဇိတ လာဘော ဒုလ္လဘော။

လူ့ဘောင်အဖြစ်သည် ရခဲ၏။

ထို့ထက် ရဟန်းဘဝသည် ရခဲလှပေ၏။

ကျွန်ုပ်သည် ထိုရခဲလှသော ရဟန်းဘဝတွင် ဆွမ်းခံခြင်း၊ တရားထိုင်ခြင်း စသည့် ကောင်းမှုကုသိုလ်များကို ပြုလုပ်ခဲ့ပါသည်။ တစ်ဖက်မှလည်း စာပေ ကျမ်းဂန်များကို လေ့လာမှတ်သားနာယူခဲ့လေသည်။ ထိုအခါ လူတိုင်းလူတိုင်းအတွက် အလွယ်တကူမပင်မပန်း ချမ်း သာနိုင်သည့်နည်းလမ်းကောင်း တစ်ခုကို ဖတ်ရှုမှတ်သားခဲ့ရသည်။

စေတနာ၊ မေတ္တာအပြည့်ဖြင့်လည်း ထိုချမ်းသာခြင်းနည်းကောင်းအား စာရှုသူများအား လက်ဆင့်ကမ်းလိုက်ရပါသတည်း။

♛

(၂)

ကျွန်ုပ်တို့တစ်တွေသည် နိစ္စဂူဝဆိုသလိုပင် သားကျွေးမှု၊ မယားကျွေးမှုများအတွက် ရှာဖွေရန်းကန်လုပ်ကိုင်ကြရလေသည်။ ထိုသို့ ရှာဖွေကြရင်းဖြင့်လည်း ပိုပိုလျှံလျှံဖြစ်ထွန်းလာသည့်

ငွေကြေးလေးများကို စွန့်ကြဲပေးကမ်းကြ လှူကြတန်းကြ ကုသိုလ်လုပ်ကြတာတွေ ရှိခဲ့လေ သည်။

"အလှူရေစက် လက်နဲ့ မကွာ" ဟူသော စကားနှင့်အညီ မြန်မာပီပီ အလှူအတန်း အလှူဒါနများတွင် ရက်ရောကြလေသည်။ လှူဒါန်းပေးကမ်းခြင်း၌မွေ့လျော်ကြလေသည်။

ထို့အပြင် "မရှိလို့မလှူ၊ မလှူလို့မရှိ" ဟူသော စားကိုလည်း အလေးအနက် သက်ဝင်ယုံကြည်ကြလေသည်။ အလှူဒါနဟူသည် ကြီးပွားချမ်းသာခြင်း၏ အခြေခံအကြောင်းတရားဖြစ်သည်ဟူ၍ လည်း ယုံကြည်ထားကြပါလေ၏။

ထိုအလှူဒါ နကြောင့် ဟိုးနောက်ဘဝ၊နောက်ဘဝတွေမှာ အကျိုးပေးမယ့် ကုသိုလ်တွေ...

သည်ဘဝမှာတင် ချက်ချင်းလက်ငင်းအကျိုးဟူးပေးနိုင်တဲ့ ကုသိုလ်တွေ ရရှိကြမှာ ဖြစ်ပေသည်။

မည်သူမဆို ယခုလက်ရှိဘဝလေးမှာပင် ကြီးပွားချမ်းသာချင်ကြပေမည်။

နောင်ဘဝ၊ ဘဝတွေမှ ဖြစ်လာမှာကို မစောင့်ဆိုင်းချင်ကြ၊ လူသားပီပီ ချက်ချင်းလက်ငင်းဖြစ်လာမှာကို ကြိုက်နှစ်သက်ကြသည် မဟုတ်ပါလား။

ထိုသူများအတွက် ပေးလှူရန် နည်းလမ်းကောင်းလေးတစ်ခုရှိခဲ့လေသည်။ ထိုအရာမှာ



(၃)

ပေးလှူနည်းနေရာဌာနမှာ (၇) ဌာနရှိလေသည်။

၎င်းတို့မှာ
၁။ စေတီဘုရား။
၂။ သံဃာ
၃။ ပုဂ္ဂိုလ်
၄။ ဧည့်သည်
၅။ အမေ
၆။ အဖေ
၇။ ကျေးဇူးရှိသူအစ်ကိုကြီး။ အစ်မကြီး။ ဦးကြီး။ ဘထွေး။ ဘကြီး။ ဒေါ်ကြီး။ ဒေါ်လေး။ ဆရာသမား စသည်

ထိုပေးလှူရမည့် (၇)ဌာနရှိသည့် အနက်မှ အမေကိုပေးလှူခြင်း။ သို့မဟုတ် အမေကို လုပ်ကျွေးပြုစုခြင်းသည် ချက် ချင်းလက်ငင်းကြီးပွားချမ်းသာခြင်း၏ အကြောင်းတရားပင်ဖြစ်ပေတော့သတည်း။

ထို့ကြောင့် "အမေကို ပေးလှူလုပ်ကျွေးပြုစုခြင်းဖြင့် ကြီးပွားချမ်းသာခြင်းကို ရှာဖွေရယူကြပါစို့" ဟူ၍ စေတနာစကား ဆိုလိုက်ရပါတော့သတည်း။

မျိုးမြင့်မိုး(မန္တလေး)